# ပြည်ထောင်စုစာရင်းစစ်ချုပ်၏ ချင်းပြည်နယ်ခရီးစဉ်

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေးဦးစီးဌာန) လိုက်ပါလျက် ချင်းပြည်နယ်သို့ ခရီးထွက်ခွာရန် ၂၀.၄.၂၀၁၈ ရက်နေ့တွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ပါသည်။ ၂၁.၄.၂၀၁၈ ရက်နေ့တွင် Air KBZ လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ ကလေးမြို့သို့ ထွက်ခွာပါသည်။ ကလေးမြို့လေဆိပ်၌ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ ချင်းပြည်နယ်စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး/ ပြည်နယ်စာရင်းစစ်ချုပ်ရုံးညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများမှ ကြိုဆိုနှုတ်ဆက်ကြပါသည်။ ၂၂.၄.၂၀၁၈ ရက်နေ့တွင် ကလေးမြို့မှ ဖလမ်းမြို့သို့သွားရောက်ပြီး ဖလမ်းခရိုင်/ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ ပြုလုပ်ပါသည်။ ဖလမ်းမြို့မှ ဟားခါးမြို့သို့ ဆက်လက်ထွက်ခွာပြီး ဟားခါးမြို့ ပြည်ထောင်စုရိပ်သာတွင် ညအိပ်ရပ်နားပါသည်။ ချင်းပြည်နယ်ဝန်ကြီးချုပ်မှ တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပါသည်။

၂။ ၂၃.၄.၂၀၁၈ ရက်နေ့တွင် ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၌ ချင်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ ဟားခါးခရိုင်၊ မင်းတပ်ခရိုင်၊ ဟားခါးမြို့နယ်၊ မင်းတပ်မြို့နယ်၊ မတူပီမြို့နယ်၊ ထန်တလန်မြို့နယ်၊ ကန်ပက်လက်မြို့နယ်တို့မှ လက်ထောက်ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲ ပြုလုပ်ပါသည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ရုံးတွင် ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်း၊ မေးမြန်းချက်များအပေါ် ဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆက်လက်၍ ချင်းပြည်နယ်စာရင်းစစ်ချုပ်နှင့် ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးတို့အတူ လိုက်ပါလျှက် ဟားခါးမြို့မှ ရိဒ်ခေါဒါရ်မြို့နယ်ခွဲသို့ ထွက်ခွာရာ လိုင်ဗားဆည်နှင့် တည်ဆောက်ဆဲ ဆူရ်ဘုန်လေယာဉ်ကွင်းများသို့ ကြည့်ရှုလေ့လာပြီး ရိဒ်ခေါဒါရ်သို့ ဆက်လက်ထွက်ခွာ၍ ရိဒ်ပြည်ထောင်စုရိပ်သာ၌ ညအိပ်ရပ်နားပါသည်။

၃။ ၂၄.၄.၂၀၁၈ ရက်နေ့တွင် ရိဒ်မှတီးတိန်သို့ ဆက်လက်ထွက်ခွာပြီး တီးတိန်မြို့နယ်စာရင်းစစ်ရုံးတွင် တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားပါသည်။ ဆက်လက်၍ တီးတိန်မြို့မှ ကလေးမြို့သို့ ထွက်ခွာပြီး ကလေးခရိုင်စာရင်း

စစ်ရုံးတွင် စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး၊ ကလေးခရိုင်၊ ကလေးမြို့နယ်စာရင်းစစ်ရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးတို့အတူ လိုက်ပါလျှက် ၂၅.၄.၂၀၁၈ရက်နေ့တွင် ကလေးဝ မြို့နယ်သို့ သွားရောက်၍ ကလေးဝမြို့နယ် စာရင်းစစ်ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လမ်းညွှန် မှာကြားပါသည်။ ညနေ (၁၇:၀၀) နာရီတွင် မြန်မာ့လေကြောင်းလိုင်းဖြင့် ကလေးမြို့မှ ရန်ကုန် မြို့သို့ ထွက်ခွာပြီး ရန်ကုန်မြို့၌ ညအိပ်ရပ်နားပါသည်။ ၂၆.၄.၂၀၁၈ ရက်နေ့တွင် ရန်ကုန်မြို့မှ နေပြည်တော်သို့ မော်တော်ယာဉ်ဖြင့်ထွက်ခွာပြီး နေပြည်တော်သို့ ပြန်လည် ရောက်ရှိပါသည်။

၄။ ပြည်ထောင်စုစာရင်းစစ်ချုပ်သည် ခရီးစဉ်အတွင်းစာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ ၌ လမ်းညွှန်မှာကြားချက်အနေဖြင့် စာရင်းစစ်ဝန်ထမ်းများသည် Professional Ethics များ ဖြစ်သည့် ရိုးသားဖြောင့်မတ်၍ သိက္ခာ၊ သမာဓိရှိစွာ၊ အဂတိကင်းစွာ ဆောင်ရွက်ရန် (Integrity)၊ ပညာရပ်ဆိုင်ရာ အတွေ့အကြုံ ဗဟုသုတ ပြည့်စုံမှုရှိရန် (Technical Competence)၊ သတိသမ္ပဇဉ်ဖြင့် ရိုးရိုးသားသားဆောင်ရွက်ရန် (Due Care & Diligence)၊ လျှို့ဝှက်ထိန်းသိမ်း သင့်သည်ကို ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ရန် (Confidentiality)၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်ထားဆောင်ရွက်ရန် (Public Interests) တို့ကို လိုက်နာကျင့်သုံးကြရန်ဖြစ်ကြောင်း၊ စာရင်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် Lima Declaration၊ Mexico Declaration တို့နှင့်အညီ ဘဏ္ဍာရေးစာရင်း စစ်ဆေးခြင်း (Financial Audit)၊ ဥပဒေစည်းမျဉ်းများ လိုက်နာမှုစစ်ဆေးခြင်း (Compliance Audit) တို့ အပြင် လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်း (Performance Audit)ဟုခေါ်သည့် သုံးစွဲသည့်ငွေကြေးသည် တန်ရာတန်ကြေးရ/မရ စစ်ဆေးခြင်း (Value for Money Audit) တို့ကိုပါ စစ်ဆေးရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အရ ဌာနအဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များ သည် ပြည်သူ့အတွက် အကျိုးသက်ရောက်မှု ရှိ/မရှိကို Economy, Efficiency, Effectiveness စသည့် 3Es နှင့်ညီ/မညီ ကြည့်ရှု စစ်ဆေး ရတော့မည်ဖြစ်ကြောင်း ပြောကြားပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ ဝန်ထမ်း စီမံ ခန့်ခွဲမှုကိစ္စရပ်များ (Human Resources Manangement)၊ စီမံကိန်းလုပ်ငန်း အကောင် အထည်ဖော်ဆောင်မှု ကိစ္စရပ်များ (Project Manangement)၊ ပစ္စည်းစီမံခန့်ခွဲမှုကိစ္စရပ်များ (Assess Manangement) ကို အလေးထားစစ်ဆေး ဆောင်ရွက်ရတော့မည်ဖြစ်ကြောင်း၊ မြန်မာ

နိုင်ငံစာရင်းကောင်စီဥပဒေအား ပြင်ဆင်ရေးဆွဲနေပြီဖြစ်၍ မကြာမီ ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းတော့မည်ဖြစ်ကြောင်း၊ စာရင်းပညာရှင်များ ပေါ်ထွက်စေရေး စီမံဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ယခင်က C.P.A ကို B com ဘွဲ့ရရှိသူများအနက်မှ ထူးချွန်သူများကို တက်ရောက် ခွင့်ပေးခဲ့ရာ တစ်နှစ်လျှင် (၆၀)ဦးခန့်သာ တက်ရောက်နိုင်သဖြင့် C.P.A ဝင်ပေါက်ကို တိုးချဲ့ပေးခဲ့ရာ C.P.A အမှတ်စဉ် (၄၃) တွင် ဦးရေ ၄၀၀၀ ခန့်၊ C.P.A အမှတ်စဉ် (၄၄) တွင် ၃၀၀၀ ခန့် သင်တန်းသား/သူ များရှိလာပြီ ဖြစ်သဖြင့် ပုဂ္ဂလိကကျောင်း (၁၅) ကျောင်းအား မှတ်ပုံတင်၍ သင်ကြားခွင့်ပြုပေးခဲ့ကြောင်း၊ မိမိဝန်ထမ်းများမှ C.P.A တက်ရောက်ရန် တိုက်တွန်းမှုများ ပြုလုပ်ကြရန် ဖြစ်ကြောင်း ပြောကြားပါသည်။

၆။ ပညာရှိသုခမိန်မှာကြားချက် (၇) ရပ်ဖြစ်သည့် မိမိဆောင်ရွက်ရမည့်လုပ်ငန်းကို တာဝန်ခံဆောင်ရွက်မှု၊ မိမိ၏စိတ်ဆန္ဒအရ ပြီးမြောက်အောင် ဆောင်ရွက်မှု၊ အခြားသူများ၏ ကဲ့ရဲ့ပြစ်တင်မှုကို အလေးမထားဘဲ လုပ်ငန်းပြီးမြောက်အောင် ဆောင်ရွက်မှု၊ အကြောက်တရား (သို့) အခွင့်အရေးရရှိစေရန် ရည်ရွယ်လုပ်ဆောင်ခြင်း မပြုဘဲ လူတိုင်းစိတ်ကျေနပ်မှုရှိစေရန် လုပ်ကိုင်ဆောင်ရွက်မှု၊ မူဝါဒနှင့်စပ်လျဉ်း၍ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်ပြီး ထင်မြင်ယူဆချက်နှင့်စပ်လျဉ်း၍ လိုက်လျောညီထွေဆောင်ရွက်မှု၊ မိမိပျော်ရွှင်သကဲ့သို့ အများပျော်ရွှင်မှုဖြစ်စေရန် လုပ်ဆောင်ပေးမှု စသည်တို့ကို အတုယူလိုက်နာကြဖို့ လိုအပ်ကြောင်း၊ ခဲတံပုံပြင်၌ပါရှိသည့် ကြီးမြတ်သောလုပ်ဆောင်နိုင်မှု၊ အနစ်နာခံဆောင်ရွက်နိုင်မှု၊ အနှစ်သာရ အတွင်းမှာရှိမှု၊ လုပ်ကိုင်ဆောင်ရွက်ရင်း အမှားပြင်ဆင်နိုင်မှု၊ ဆက်လက်ရေးသားဆောင်ရွက်နိုင်မှု စသည့် အရည်အချင်းများအတိုင်း လုပ်ဆောင်ကြစေလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာမှ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျန်းမာရေးကို အထူးဂရုပြုကြစေလိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပျော်ရွှင်သူများအနေဖြင့် ၁၂.၅ % ပိုမို စွမ်းဆောင်နိုင်ပြီး၊ မပျော်ရွှင်သူများ အနေဖြင့် ၁၀% လျော့နည်းစွမ်းဆောင်နိုင်သဖြင့် လုပ်ငန်းခွင်ပျော်ရွှင်ရေးကို ဦးစားပေးဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့ပါသည်။




ဖလမ်းခရိုင် / မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ (၂၂.၄.၂၀၁၈)



ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး၊ ခရိုင် / မြို့နယ်စာရင်းစစ် ရုံးဝန်ထမ်းများနှင့်တွေ့ဆုံပွဲ

(၂၃.၄.၂၀၁၈)




ချင်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံပွဲ (၂၃.၄.၂၀၁၈)



တီးတိန်၊ တွန်းဇန်မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ (၂၄.၄.၂၀၁၈)




ကလေးခရိုင် / မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ (၂၄.၄.၂၀၁၈)




ကလေးဝမြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်တွေ့ဆုံပွဲ (၂၅.၄.၂၀၁၈)




ကလေးခရိုင် / မြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်အမှတ်တရ




ကလေးဝမြို့နယ်စာရင်းစစ်ရုံး ဝန်ထမ်းများနှင့်အမှတ်တရ



ချင်းပြည်နယ်ဝန်ကြီးချုပ်၏ ညစာစားပွဲအမှတ်တရ



သိုင်းငင်းဆောက်လုပ်ရေးရိပ်သာ အမှတ်တရ